# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၂၂-၁-၂၀၁၉ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကိုလည်းကောင်း၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး ဦးစီးဌာနမှ ကျေးရွာတွင်း ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းရာတွင် ၁ မိုင် နှုန်းထားကို မည်မျှသတ်မှတ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့ အနောက်ဘက် နတ်မောက်မြို့နယ် နယ်စပ်ရှိ တိုက်နယ်ဆေးရုံနှင့် ကျေးရွာများ လျှပ်စစ်မီးရရှိနိုင်ရန် သဖန်းချောင်း 33/11 KV 3 MVA ဓာတ်အားခွဲရုံမှ တဲကြီးကုန်းကျေးရွာအုပ်စု၊ သီးပင်ကျေးရွာအထိ 33 KV ဓာတ်အားလိုင်း (၁၄) မိုင်နှင့် 33/11 KV 3 MVA ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **ပဲခူးရိုးမကိုဖြတ်၍ ဖောက်လုပ်ထားသော ကတ္တရာကားလမ်းမကြီးများ၏ လမ်းဘေးဝဲယာတွင် ကျေးရွာချင်းဆက်လမ်းမဟုတ်သော မြေသားတစ်ကြောင်းထိုးလမ်းများ ဖောက်လုပ်ထားခြင်း၊ ဖောက်လုပ်နေခြင်းများကို တားဆီးရန် မည်သို့စီစဉ်ထားသည်ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)နှင့် စက်မှုဇုန်(၃)နယ်မြေအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များအတွက် လိုအပ်လျက်ရှိသော စက်ရုံအလုပ်ရုံ မြေနေရာရရှိရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကိုသိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၏ **ဘားအံမြို့နယ်အတွင်းရှိ အိန္ဒူ–ဂျိုင်း–ကော့ကရိတ်လမ်းမကြီးအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေအား ခေတ်နှင့်လျော်ညီသော ဥပဒေအဖြစ် ပြင်ဆင်ပေးရန် သို့မဟုတ် အသစ်ရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံတွင် တစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စာကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်၊

(ခ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၊

(ဂ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ဃ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(င) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(စ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(ဆ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၊

(ဇ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(ဈ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ည) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၊

(ဋ) ဦးကျော်မျိုးမင်း၊ မိုးညို မဲဆန္ဒနယ်၊

(ဌ) ဒေါ်ချိုချိုဝင်း၊ မော်လိုက် မဲဆန္ဒနယ်၊

(ဍ) ဦးမင်းသိန်း၊ ငါန်းဇွန် မဲဆန္ဒနယ်၊

(ဎ) ဦးညဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၊

(ဏ) ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

(တ) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၊

(ထ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

(ဒ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။